## မာတိကာ


၁။ ကျမ်းဦးနိဒါန်း ၁/1

၂။ မြို့မငြိမ်းမြန်မာသီချင်းများ ၃/3

MYOMA NYEIN MYANMAR CLASSICS

၃။ နတ်ရှင်နောင် ၄/4

၄။ မေတ္တာမိုးရေ၊ ထပ်တစ်ရာလန်း၊ တမင်လှသူ ၅/5

၅။ စာဆို နဲ့ ဘဝ ၁၁/11

စစ်ကိုင်းတောင်

ရေချိုးဆိပ်

၆။ ■ လာချေပြီ ၁၄/14

■ ရွှေပန်းပန်

ကိုယ်တော်နှင်းနဲ့

မြန်မြေနယ်

■ မြင်းခင်းတော်


**ဂီတသင်္ကေတများ**

မြို့မငြိမ်းမြန်မာသီချင်းများ [အမှတ်စဉ် (၂)]

**MYOMA NYEIN MYANMAR CLASSICS (VOLUME-2)**


၁။ လက်ဝဲသုန္ဒရ ၁၇/17

၂။ (က) နတ်ရှင်နောင် (၁) ၃၉/39

(ခ) နတ်ရှင်နောင် (၂)

၃။ ချစ်လွန်းတင် ၆၃/63

၄။ မေတ္တာမိုးရေ ၆၉/69

၅။ တမင်လှသူ ၈၁/81

၆။ ရေချိုးဆိပ် ၉၁/91

၇။ စစ်ကိုင်းတောင် ၉၉/99

၈။ ရွှေပန်းပန် ၁၀၉/109

ကိုယ်တော်နှင်းနဲ့

မြန်မြေနယ်

၉။ မြင်းခင်းတော် ၁၂၉/129


မန္တလေးမြို့မတူရိယာအသင်း (၁၉၂၅)

The Mandalay Myoma Amateur Music Association (1925)

| ရည်ရွယ်ချက် | Aims and Objectives |
|---|---|
| ( က ) မြန်မာသီချင်းကြီးများ ဆည်းပူးပြန့်ပွားရေး | (a) The Study and propagation of Myanmar classical songs. |
| ( ခ ) ကမ္ဘာသုံးတူရိယာများ လေ့လာသင်ကြား တတ်မြောက်ရေး။ | (b) Learning International musical instruments. |
| ( ဂ ) Music note အမှတ်အသားပညာဖြင့် ရေးထားသော တူရိယာပညာကို ဆည်းပူး လေ့လာရန်။ | (c) Studying & Learning musical instruments with staff-notation. |
| ( ဃ ) ကမ္ဘာ့ခေတ်မီတူရိယာ တီးဝိုင်းကြီး ဖြစ်မြောက်ရေး | (d) Establishment of a modern orchestra. |
| ( င ) ရှေးမြန်မာသီချင်းကြီးများကို ကျွမ်းကျင်သူများနှင့်ညှိနှိုင်း၍ ကမ္ဘာသုံးဖြစ်သော Music note ပညာဖြင့် ကူးပြောင်းရေးသား လေ့လာရန်။ | (e) To record Myanmar classical music using the staff-notaion (music-notes) in coordination with Myanmar classic music scholars and masters. |
| ( စ ) မြန်မာနိုင်ငံတော်အတွင်း တူရိယာ အသင်းများက ဆက်သွယ်ပါလျှင်၊ တတ်အားသမျှ အားပေးကူညီရန်။ | (f) Assisting other music ensembles to the best of our abilites. |

### မြို့မငြိမ်း မြန်မာသီချင်းများ
### MYOMA NYEIN MYANMAR CLASSICS

"မြို့မငြိမ်း မြန်မာသီချင်းများ" (MYOMA NYEIN MYANMAR CLASSICS ) ကျမ်းသည် စာရေးသူ၏ အထက်ပါ တင်ပြထားသော ယခင်ထုတ်ဝေပြီး ဂီတကျမ်းများ၏ လိုအပ်ချက်ချက်များကို ဖြည့်စွက်အားပေးမည့် ကြိုးပမ်းမှုတစ်ခု အဖြစ်ရည်ရွယ်ပါသည်။

မြို့မငြိမ်းသည် မြန်မာမှုဂီတ ဝမ်းစာပြည့်စုံသူဖြစ်ပါသည်။ ဆရာကောင်းတပည့်အနေနှင့် မြန်မာ့ဂီတပညာကို ဒေဝဣန္ဒာမောင်မောင်ကြီး၊ စိန်ဗေဒါကြီးတို့ထံ ငယ်စဉ်ကပင် အခြေခံကျကျ၊ စနစ်မှန်မှန် ချဉ်းကပ်ဝင်ထွက် ဆည်းပူးလေ့လာခဲ့သူဖြစ်ပါသည်။ ထို့ကြောင့် သူ၏ ရင်တွင်းဖြစ်သီချင်းများသည်လည်း မဟာဂီတဆန်၊ မြန်မာဆန်သော အငွေ့အသက်များနှင့် လှပမြတ်နိုးဖွယ်တွေ့ရှိကြရပါသည်။

စာရေးသူ၏ အဓိကရည်ရွယ်ချက်များမှာ ပြုစုပြီး၊ ပြုစုဆဲဖြစ်သော မြန်မာမဟာဂီတဝင် မြန်မာသီချင်းကြီးများထဲမှ နမူနာထုတ်၊ ဂီတသင်္ကေတ Note များနှင့်တကွ အသံထွက် အသံပြ အကူအညီပေးသည်ထက် ပိုမိုကောင်းမွန်သော နည်းလမ်းကို သုံးစွဲသူများ ပိုမိုအကျိုးရှိစေရန် အချိန်အတန်ကြာ ရှာဖွေ တွေးခေါ်ကြံဆခဲ့ရပါသည်။

မြန်မာ့ဂီတလေ့လာသူများအဖို့ မဟာဂီတဝင် မြန်မာသီချင်းကြီးများထဲမှ မြန်မာမှုဟန်ပန်များကို လေ့လာတီးခတ် နားဆင် သည်ထက်၊ မြို့မငြိမ်းဂီတကို မြတ်နိုးသူများအနေနှင့် မြို့မငြိမ်း၏ မြန်မာသီချင်းများမှ မဟာဂီတဆန်၊ မြန်မာဆန်သော ဂီတ အဖွဲ့အနွဲ့များကို နမူနာကောင်းများအဖြစ် နားဆင်စေလိုခြင်းဖြစ်ပါသည်။ ပန်းချီ Perspective သဘော အနီးအဝေးသဘောနှင့် ပြောရရင် အလှမ်းကွာဝေးနက်နဲသော မဟာဂီတ Myanmar Classics နမူနာများကို ရွေးချယ်သည်ထက်၊ မြို့မငြိမ်း၏ Myanmar Classics နမူနာများမှ အလှမ်းမကွာဝေးဘဲ လေ့လာတီးခတ် နားဆင်စေလိုခြင်းဖြစ်ပါသည်။

ငယ်စဉ် ကြားဖူးနားဝရှိသည့် မြန်မာမှုအတွေးအခေါ် "ခဲတစ်လုံးနှင့် စာနှစ်ကောင်" ဆိုသည်ထက် ပိုမိုသော ခဲတစ်လုံးနှင့် စာသုံးလေးကောင်လောက်အထိ ဂီတစေတနာ၊ ဂီတလောဘစော ဝင်လာခဲ့မိပါတော့သည်။

ထို့ကြောင့် ဤမြန်မာသီချင်းများ MYOMA NYEIN MYANMAR CLASSICS PROJECT ထုတ်လုပ်မှုသည် ရည်ရွယ်ချက်လေးရပ်ပေါ်တွင် အခြေခံပါသည်။

- ခရစ်နှစ် ၁၉၅၅ ခု၊ စက်တင်ဘာလ (၁၅)ရက်၊ မြန်မာသက္ကရာဇ် ၁၃၁၇ ခု၊ ဝါခေါင်လပြည့်ကျော် (၁၃)ရက် ကိုရည်မှန်းသော "မြို့မငြိမ်း ၁၀၅ နှစ်မြောက်" အထိမ်းအမှတ်ဖြစ်စေဖို့ . . .
- ကမ္ဘာသုံးဂီတ သင်္ကေတရေးနည်းနှင့် ခေတ်မီကွန်ပျူတာ နည်းပညာကို အသုံးချလျှက် မဟာဂီတ၊ မြန်မာ့ဂီတဟန်ပါသော မြန်မာမှုရသ မပျက်မယွင်း ဖတ်ရှုတီးခတ်နိုင်သော "ရုပ်မြင်" သင်္ကေတစာအုပ်၊ စာမျက်နှာများမှသည် နားဆင်တီးခတ်နိုင်မည့် "အသံကြား" သင်္ကေတ စာအုပ်၊ စာမျက်နှာများ ဖြစ်စေဖို့ . . .
- ဂီတပညာရေး **Music Education** သဘောမျှမဟုတ်ဘဲ ဂီတဖျော်ဖြေမှု **Music Entertainment** သဘောမျိုးပါ ဖြစ်စေဖို့ . . .
- မြို့မငြိမ်း၏ မြန်မာသီချင်းများကို ခေတ်ပြားခေတ်၊ ခေတ်ပြားဟန်၊ မန္တလေး မြို့မတူရိယာအသင်း၏ တီးမှုတ်ဖျော်ဖြေမှုဟန်၊ **Symphony Orchestra** ၏တီးနည်းတီးဟန်ပုံစံနှင့် နားဆင်စေဖို့ . . . စသည့် ရည်ရွယ်ချက်များ ဖြစ်ပါသည်။

မြို့မငြိမ်း၏ မြန်မာသီချင်းများ MYOMA NYEIN MYANMAR CLASSICS စီစဉ်မှုကို သုံးစွဲ လက်ကိုင်ကြသူများအနေနှင့် ကျမ်းပြုသူ၏ ဆန္ဒ အာသီသများနှင့်အတူ တင်ပြထားသော ရည်ရွယ်ချက်များနှင့်အညီ မျှဝေခံစားနိုင်ကြမည်ဟု မျှော်လင့်မိပါသည်။


ကိုရွှန်းမြိုင် (မြို့မ)

မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း